**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: chinland.org Email: cnf.headquarters@gmail.com

# အထူး ဝမ်းနည်းကြေကွဲခြင်း

၂၀၂၄ ခုနှစ်၊ မေလ (၁၃) ရက်နေ့

၁။ Lt. Gen. R Hkawng Lum ၊ စစ်ဦးစီးချုပ်၊ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA)၊ စစ်ဒေသမှူး၊ စစ်ဒေသ (၁) သည် ယနေ့ည ၆း၂၃ မိနစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရသဖြင့် အံ့သြတုန် လှုပ်ပြီး ကချင်ပြည်သူများ၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကျန်ရစ်သူ မိသားစု၊ ရပ်ဆွေရပ်မျိုးများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂။ အာဏာရှင်စနစ် အပြီးသတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေးအတွက် နွေဦးတော်လှန်ရေး ဆင်နွှဲနေချိန်တွင် မိမိတို့ ချစ်ခင်လေးစားအားထားရပါသော Lt. Gen. R Hkawng Lum ကွယ်လွန်ခြင်းအပေါ် အထူး နှမြောတသဖြစ်ရပါကြောင်း၊ ပြည်သူလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့များ၊ နွေဦးတော်လှန်ရေး ဆင်နွှဲနေသည့် ရဲဘော်ရဲဘက်များအတွက် မဟာဆုံးရှုံးမှုကြီး ဖြစ်ကြောင်း လေးနက်စွာ ဖော်ပြအပ်ပါသည်။

၃။ အထူးအနေဖြင့် Lt. Gen. R Hkawng Lum ၏ ညီရင်းအစ်ကိုဆက်ဆံရေးဖြင့် ချင်းအမျိုးသားတပ်မ တော်အား အကောင်းဆုံး ပံ့ပိုးကူညီပေးခဲ့မှုကို မှတ်ကျောက်တင်အပ်ပါသည်။ Lt. Gen. R Hkawng Lum ၏ အမျိုးသားရေးတာဝန် ကျေပွန်မှု၊ တော်လှန်ရေး သစ္စာရှိမှု၊ တည်ကြည်ရိုးသားမှု၊ ရပ်တည်ချက် ခိုင်မာမှုနှင့် စစ်ရေးစစ်ရာတွင် သတ္တိပြောင်မြောက်မှု၊ ဦးဆောင်ပေးနိုင်မှုများကို ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသား တပ်မတော်မှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ Lt. Gen. R Hkawng Lum ၏ မပြီးပြတ်သေးသော တော်လှန်ရေးတာဝန်ကို ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော် ရဲဘော်ရဲဘက်များမှ ဆက်လက်ထမ်းရွက်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုပါသည်။

၄။ Lt. Gen. R Hkawng Lum ဘုရားသခင်၏ အေးမြသော ရင်ခွင်တော်တွင် ငြိမ်းချမ်းစွာ အိပ်စက်အနားယူပါ စေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဗဟိုကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland